# မိသားစုဆိုင်ရာဝန်ဆောင်မှုများ အပိုင်း လူမှုရေးလုပ်သားမှ သင့်အိမ်သို့ လာရောက် လည်ပတ်ချိန်တွင်

VERMONT
DEPARTMENT FOR CHILDREN AND FAMILIES
FAMILY SERVICES DIVISION

## သင့်တွင် အောက်ပါတို့ အားပြုလုပ်ရန် လုပ်ပိုင်ခွင့်ရှိသည်။

- လုပ်သားတစ်ဦးအား သင့်အိမ်အတွင်းသို့ ဝင်ရောက်စေခြင်းမပြုမီ ပြည်နယ် ဝန်ထမ်းအလုပ်သမားမှတ်ပုံတင်ကဒ် အား ကြည့်ရှုစစ်ဆေးရန် တောင်းဆိုနိုင်သည်။
- လုပ်သား၏ မှတ်ပုံတင်အား အတည်ပြုရန် သင့်တော်ရာ မိသားစုဆိုင်ရာ ဝန်ဆောင်မှုများအပိုင်း (FSD) ရုံးခန်းသို့ ခေါ်ဆိုနိုင်သည်။
- လုပ်သား၏ ဆောင်ရွက်လုပ်ကိုင်မှုများ သို့မဟုတ် သင့်ကိုပြုလုပ်ရန်စေခိုင်းမှု များအား နားမလည်ပါက မေးခွန်းများ မေးမြန်းနိုင်သည်။
- သင့်ကို ပြုလုပ်ရန်စေခိုင်းမှုများအား လုပ်ဆောင်ရန် စိတ်သက်တောင့် သက်သာမရှိပါက ငြင်းဆန်ခြင်းမပြုဘဲ လုပ်သား၏ကြီးကြပ်ရေးမှူးသို့ စကားပြောဆိုခွင့် တောင်းနိုင်သည်။
- လုပ်သားမှ သင့်ကလေးအား သင့်အိမ်မှ ဖယ်ရှားရန် အလိုရှိပါက တရားရုံး အမိန့်စာအား ကြည့်ရှုရန် တောင်းဆိုပါ။ ပြီးနောက်
- အကယ်၍ သင့်အနေဖြင့် ထိုပုဂ္ဂိုလ်သည် FSD လူမှုရေးလုပ်သား အနေဖြင့် ဟန်ဆောင်ထားသည်ဟု သံသယရှိပါက ၉၁၁ (911) သို့မဟုတ် ဒေသခံ ရဲစခန်းသို့ ခေါ်ဆိုပါ။

## သင့်အနေဖြင့် အောက်ပါတို့အား မျှော်လင့်နိုင်ပါသည်။

- အကယ်၍ လုပ်သားသည် သင့်အိမ်သို့ လှည့်ပတ်ကြည့်ရှုဖို့ရန် လိုအပ်ပါက  သူ သို့မဟုတ် သူမ သည် သင့်ခွင့်ပြုချက်အား တောင်းဆိုပေလိမ့်မည်။ အကယ်၍ သင့်အနေဖြင့် ဤအခြင်းရာနှင့်ပတ်သက်ပြီး အဆင်မပြေပါက လုပ်သားမှ သင့်အား နောက်ထပ်သောဖြစ်နိုင်ခြေရှိသည့် အဆင့်နှင့် ပတ်သက်ပြီး ပြောပြပေလိမ့်မည်။
- လုပ်သားမှ သင့်အား တိုးချဲ့ထွင်ထားသည့် မိသားစုဝင်များ၊ သူငယ်ချင်းများ၊ သင့်အား ကူညီထောက်ပံ့ပေးကောင်းပေးနိုင်သည့် အခြားသူများ နှင့် ပတ်သက်ပြီး မေးခွန်းများ မေးကောင်းမေးပေမည်။
- လုပ်သားမှ ကလေးပေါ်ရှိ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများနှင့် ဒဏ်ရာ အမာရွတ်များအား ကြည့်ရှုရန် ကလေးဝတ်ဆင်ထားသည့်အဝတ်အား ဖယ်ရှား သို့မဟုတ် လှန်ကြည့်ရန် တောင်းဆိုကောင်း တောင်းဆိုပေမည်။  ဤအခြင်းရာအား အခြားသောအရွယ်ရောက်လူကြီးတစ်ဦး အနားတွင် ရှိနေချိန်၌ ပြုလုပ်ပေမည်။  လုပ်သားမှ သင့်အနေဖြင့် ကလေးအား ဆရာဝန်နှင့် တွေ့ဆုံပြသရန် ခေါ်ဆောင်သွားဖို့ တောင်းဆိုကောင်းတောင်းဆိုပေမည်။
- လုပ်သားသည် အခြေနေများမည်သို့ရှိသည်ကို သိရှိရန် သင့်ကလေးဖြင့် သီးသန့် စကားပြောဆိုကောင်းပြောဆိုလိုပေမည်။ လုပ်သားသည် သင့်ကလေးနှင့် နှစ်ယောက်တည်းသီးသန့်ရှိရန် မလိုအပ်ပေ။ ဥပမာအားဖြင့် သင့်ကလေးအားမြင်တွေ့နေနိုင်သော်လည်း စကားပြောဆို နေမှုကို မကြားနိုင်သည့် ဆင်ဝင် သို့မဟုတ် တခြားတစ်နေရာတွင် ထိုင်နေ နိုင်သည်။

## မိသားစုဆိုင်ရာဝန်ဆောင်မှုများအပိုင်း ရုံးခန်းများ

| | |
|---|---|
| Barre: (802) 479-4260 | Morrisville: (802) 888-4576 |
| Bennington: (802) 442-8138 | Newport: (802) 334-6723 |
| Brattleboro: (802) 257-2888 | Rutland: (802) 786-5817 |
| Burlington: (802) 863-7370 | Springfield: (802) 885-8900 |
| Hartford: (802) 295-8840 | St. Albans: (802) 527-7741 |
| Middlebury: (802) 388-4660 | St. Johnsbury: (802) 748-8374 |

အလုပ်ချိန်နောက်ပိုင်း၊ စနေ၊တနင်္ဂနွေ ပိတ်ရက် သို့မဟုတ် ပြည်နယ်
အားလပ်ရက်များတွင်မှ ၁-၈၀၀-၆၄၉-၅၂၈၅ (1-800-649-5285 )သို့ခေါ်ဆိုပါ။

http://dcf.vt.gov/fsd